မွေး/ကုဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## အမိန့်အမှတ်၊ ၁ /၂၀၂၃
## ၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
## (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)
## ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန် တည်ထောင်သတ်မှတ်ကြေညာခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသည် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၅၅၊ ပုဒ်မခွဲ (ဂ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် အမျိုးအသားအဆင့် ခွာနာလျှာနာရောဂါကာကွယ်ထိန်းချုပ်ရေးစီမံကိန်း ရေးဆွဲ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ မြို့နယ်(၈) မြို့နယ်တွင် ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများဖြစ်သော ကာကွယ်ဆေးထိုးနှံခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ကာကွယ်ဆေးထိုးနှံထားသည့် တိရစ္ဆာန်များတွင် ရောဂါခုခံကာကွယ်နိုင်သည့် ပဋိပစ္စည်းထွက်ရှိမှုကို တိုင်းတာခြင်း၊ ပြည်သူလူထုအား အသိပညာပေးခြင်း၊ အသိပေးနှင့်သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊ တိရစ္ဆာန်ဖြတ်သန်းသွားလာမှုအား စစ်ဆေးခြင်း၊ ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့်ပတ်သက်သည့် ဇီဝလုံခြုံမှုဆိုင်ရာစီမံခန့်ခွဲမှု အစီအမံများ ချမှတ်ခြင်း များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ ကျွဲနွားရောဂါကာကွယ်ဆေးထိုးလွှမ်းခြုံမှု (၇၀) ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ခြင်း၊ ကာကွယ်ဆေးထိုးနှံထားသည့် တိရစ္ဆာန်များတွင် ခွာနာလျှာနာရောဂါအား ခုခံကာကွယ်နိုင်သည့် ပဋိပစ္စည်း ထွက်ရှိမှု (၈၄) ရာခိုင်နှုန်းရရှိခြင်းတို့ကြောင့် ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အစီအမံများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ၊

နေပြည်တော်ရှိ မြို့နယ် (၈) မြို့နယ်အား ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ခွာနာလျှာနာ ရောဂါထိန်းချုပ်ဇုန်အဖြစ် တည်ထောင်သတ်မှတ်ကြေညာလိုက်သည်။

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ပကရ/၁/DCZ/ (၀၁၅)/မကညကခ-၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန
ဦးစီးဌာန/တက္ကသိုလ်များ(အားလုံး)၊ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန
သစ်တောဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
နေပြည်တော် စည်ပင်သာယာရေးကော်မတီ
ဒုတိယညွှန်ကြားရေးမှူးချုပ်များ(အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့်
တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနမှူးများ (အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်